# သွပ်ပြာစီရင်ပုံ နှင့် အသုံးပြုပုံများ

ကေသီမာ (တိုင်းရင်းဆေးတက္ကသိုလ်)

ဝိဇ္ဇာဓရနယဆေးပညာအရ ပြုပြင်ဖော်စပ်ထားသည့် သွပ်ပြာ၏ရောဂါများအပေါ် ထိရောက်မှုအာနိသင်ကိုလေ့လာရန်၊ သွပ်ပြာဖြင့် ဆီးချိုရောဂါကုသရာတွင် ဆီးချိုလျင်မြန်စွာ ကျဆင်းကြောင်းသိရှိစေရန်၊ ရိုးရိုးသွပ်ပြာ အဆင့်မှ အနန္တသွပ်ပြာအဆင့်အထိ ကျွမ်းကျင်စွာ တတ်မြောက်ပြီး အလွယ်တကူအသုံးချနိုင်စေရန် ရည်ရွယ်၍ ဤစာတမ်းကို ပြုစုခြင်းဖြစ်ပါသည်။ ဆေးပညာဟူသည် ဗျာဓိဟုခေါ်သော ခန္ဓာကိုယ်အပေါ်၌ ကျရောက်သော ရောဂါတို့ကို တိုက်ဖျက်ရန်အတွက် ရှေးခေတ်ပညာရှင်များ ရှာဖွေကြံဆပေးခဲ့သော လက်နက်ဖြစ်သည်။ ဗျာဓိတရားကို ကာကွယ်ရန် ဆေးပစ္စည်းများဖော်စပ်သုံးစွဲရာတွင် သစ်ပင်ထွက် ဓာတ်သတ္တုများ၊ တိရစ္ဆာန်ထွက်ပစ္စည်းများပါဝင်သည်။ ထိုဆေးပစ္စည်းတိုင်းတွင် ဓာတ်ငါးပါး ကိန်းအောင်းလျက်ရှိသည်။ အဆိုပါတို့အနက် ဓာတ်သတ္တုနှင့်ပတ်သက်သော သိမှု၊ ကုစားမှုတို့ကား ကျယ်ဝန်းလှပါသည်။ ဓာတ်ပညာတွင် အသုံးပြုသော ဆေးဘက်တို့မှာ ရုပ်ဓာတ် (၉)ပါးနှင့် နာမ်ဓာတ် (၂၇) ပါးတို့ပင်ဖြစ်သည်။ ထိုရုပ်ဓာတ်များနှင့် နာမ်ဓာတ်များကို အများစုက အဆိပ်ဟု သတ်မှတ်ထားကြပါသည်။ အဆိပ်ဟူသည် သတ္တဝါတို့၏ အသက်ကို လျင်မြန်စွာပျက်စီးစေသကဲ့သို့ သတ္တဝါတို့ကို အသက်အန္တရာယ်ဖြစ်စေနိုင်သော ရောဂါများမှ ကာကွယ်ရာတွင်လည်းများစွာ အကျိုးပြုကြောင်း တွေ့ရပါသည်။ ဓာတ်ဆေးများကို သုံးစွဲရာတွင် အရွက်ကိုသော်လည်းကောင်း၊ ဥတုကိုသော်လည်းကောင်း၊ အချိန်ကာလသော်လည်းကောင်း နှိုင်းယှဉ်ချိန်ဆရန် မလိုဘဲ မျှော်လင့်ချက် ကုန်ဆုံးနေသော ရောဂါများ၌ပင် ကာကွယ်ကုသနိုင်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် အလွန်အစွမ်းထက်လှသော ဓာတ်ဆေးများ အနက်မှ အစွမ်းထက် သွပ်ပြာကို အန္တရာယ်ကင်းစွာ သုံးစွဲနိုင်စေရန် သွပ်ပြာစီရင်ပုံနှင့် အသုံးပြုပုံကို ဖော်ထုတ်ခြင်းဖြစ်ပါသည်။